# မိစ္ဆာဆရာများနှင့်ရင်ဆိုင်ခြင်း



သင်ခန်းစာ ၁၂ စက်တင်ဘာ ၁၉


‘ငါတို့စစ်တိုက်၍ သုံးစွဲသော လက်နက်
သည် ဇာတိပကတိလက်နက် မဟုတ်။
ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် မြို့
ရိုးမြို့ပြတို့ကို ဖြိုဖျက်နိုင် သော လက်
နက် ဖြစ်၏” (၂ ကောရိန္သု ၁၀:၄)

ရှင်ပေါလုသည် အသင်းတော်အားလုံး၏ အခြေအနေကို အမြဲတမ်းသိရှိနေရန် မိမိတာဝန်ဖြစ်သည်ဟု သဘောထားခဲ့သည်။ အဘယ်ကြောင့် ဆိုသော် သူတို့ကို အကူအညီပေးရန်၊ လည်ပတ်ပေးရန်၊ နှစ်သိမ့်မှုပေး ရန် (သို့) အားပေးရန် လိုအပ်နေကြသလားဆိုသည်ကို သိရှိရန်ဖြစ်သည် (၂ ကော ၁၁:၂၈)။



တစ်ခါတစ်ရံ သစ္စာရှိသောယုံကြည်သူများ မိစ္ဆာဆရာများကြောင့် လမ်းလွဲသွားသည့်အကြောင်း ကြားသိရသည်။ ထိုသို့ဖြစ်သောအခါ အလွန်အမင်းဒေါသထွက်၍ မခံမရပ်နိုင်ဖြစ်ခဲ့သည် (၂ ကော ၁၁:၂၉)

ကောရိန္သု ဒုတိယစာစောင်အဆုံးတွင်၊ ဤမိစ္ဆာဆရာများ၏ ပြဿနာကို ပေါလုက ကိုင်တွယ်ဖြေရှင်းခဲ့သည်။ သူတို့ကို မည်သို့ခွဲခြားသိရှိနိုင်မည် နည်း။ ဤဝိညာဉ်ရေးတိုက်ပွဲတွင် သူတို့ကို မည်သို့ခုခံတိုက်ဖျက်နိုင်မည် နည်း။ သူတို့ကို မည်သို့အောင်မြင်ကျော်လွှားနိုင်မည်နည်း။



**ဝိညာဉ်ရေးတိုက်ပွဲ**

- တိုက်ခိုက်ရန်အသုံးပြုသောလက်နက်များ (၂ ကောရိန္သု ၁၀:၁-၁၁)
- မှန်ကန်သောကာကွယ်ပြောဆိုမှု (၂ ကောရိန္သု ၁၀:၁၂-၁၈)

**အယူမှားဆရာများကို ရင်ဆိုင်ဖြေရှင်းခြင်း**

- တမန်တော်ဟန်ဆောင်၍ လှည့်ဖြားသူများ (၂ ကောရိန္သု ၁၁:၁-၁၅)
- ရှင်ပေါလုနှင့်မိစ္ဆာဆရာများ (၂ ကောရိန္သု ၁၁:၁၆-၃၁)
- မိမိကိုယ်ကိုဆန်းစစ်ခြင်းနှင့်အောင်မြင်ခြင်း (၂ ကောရိန္သု ၁၂:၁၄-၁၃:၁၀)

# ဝိညာဉ်ရေးတိုက်ပွဲ





# တိုက်ခိုက်ရန်အသုံးပြုသောလက်နက်များ



"ငါတို့စစ်တိုက်၍ သုံးစွဲသော လက်နက်သည် ဇာတိပကတိလက်နက် မဟုတ်။ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် မြို့ရိုးမြို့ပြတို့ကို ဖြိုဖျက်နိုင်သောလက်နက် ဖြစ်၏" (၂ ကောရိန္သု ၁၀း၄)

ပေါလုသည် သူ၏စာများတွင် ပြင်းထန်စွာ ပြောဆိုရေးသားခဲ့သော်လည်း၊ ကိုယ်တိုင်တွေ့ဆုံသောအခါတွင် သတ္တိမရှိသူ၊ အရည်အချင်းမရှိသူကဲ့သို့ ဖြစ်သည် ဟု စွပ်စွဲခံခဲ့ရသည် (၂ ကော ၁၀:၁၀)။

ရှင်ပေါလုက စာထဲမှာကဲ့သို့ ကိုယ်တိုင်ရောက်လာသည့်အခါတွင်လည်း ပြင်းထန်စွာ ပြော ဆိုနိုင်စွမ်းရှိကြောင်း ရှင်းလင်းစွာဖော်ပြခဲ့သည်။ သို့သော် ဇာတိပကတိလက်နက်များဖြစ် သော ဥပမာ၊ အာဏာရှင်ဆန်စွာအုပ်ချုပ်ခြင်း၊ ကိုယ်လက်ရောက်အပြစ်ပေးခြင်း၊ မိမိ ကိုယ်ကိုချီးမွမ်းခြင်းကို မသုံးဘဲ "ဘုရားသခင်၏တန်ခိုးကြီးသော လက်နက်များ" ကိုသာ အသုံးပြုမည်ဟု ဆိုခဲ့သည် (၂ ကော ၁၀း၄)

ဤ "လက်နက်များ" တွင် ခရစ်တော်၏နှိမ့်ချခြင်းနှင့်နူးညံ့သိမ်မွေ့ခြင်းစိတ်သဘော များပါဝင်သည် (မ ၁၁း၂၉)။ သို့သော် ခရစ်တော်လုပ်ဆောင်သကဲ့သို့ လိုအပ်သောအခါ၌ အမှားအယွင်းများကို ခိုင်မာစွာရပ်တည်ဆန့်ကျင်ခြင်း (မ ၂၁း၁၂-၁၃) နှင့် ရှင်းလင်းပြတ်သားစွာပြောဆိုခြင်း (မ ၂၃း၂၃-၂၇) တို့ပါဝင်သည်။



ရှင်ပေါလု၏အခွင့်အာဏာသည် ခရစ်တော် ကပေးအပ်သည်။ တည်ဆောက်ရန်သာ အ သုံးပြုသည်။ ဖျက်ဆီးရန်မည်သည့်အခါမျှ မသုံးခဲ့ပါ (၂ ကော ၁၀း၈)။



# မှန်ကန်သောကာကွယ်ပြောဆိုမှု

"အကြောင်းမူကား၊ ကိုယ်ကိုကိုယ် ချီးမွမ်းသောသူသည် ဝန်ခံတော်မူသော သူဖြစ်သည်မဟုတ်။ သခင်ဘုရား ချီးမွမ်းတော်မူခြင်းကို ခံရသောသူသာလျှင် ဝန်ခံတော်မူသောသူဖြစ်သတည်း" (၂ ကောရိန္သု ၁၀း၈)

ဂရိအတွေးအခေါ်ပညာရှင်များသည် သူတို့ထံမှ သင်ယူလိုသော ကျောင်းသားများကို ငွေအမြောက်အမြား ကောက်ခံခဲ့ကြသည်။ ဤကျောင်းသားများကို ဆွဲဆောင်ရန်အတွက် သူတို့၏ အသိပညာ၊ လူမှုရေးအဆင့်အတန်း (သို့) သူတို့ကို သိကျွမ်းလေးစားသော အရေးကြီးသူများအကြောင်း ကြွားဝါခဲ့ကြသည်။ ဤ သည်မှာ ကောရိန္သု မြို့သို့ စိမ့်ဝင်ခဲ့သော မိစ္ဆာဆရာများ၏ အလေ့အကျင့်လည်းဖြစ်သည် (၂ကော ၁၀:၁၂; **၁၁:၁၉-၂၀)**။



သို့သော် ရှင်ပေါလုသည် သူ၏အသိပညာမျှဝေခြင်းအတွက် အခကြေးငွေမယူခဲ့ပါ။ ထောက်ခံစာများမတင်ပြခဲ့ပါ။ သူ့အကြောင်းကို ဝါကြွားခြင်းမရှိပေ။ ဤအမှုကို ရှုပ်ချခြင်းခံခဲ့သည်။ သူ့ကိုယ်သူ မည်သို့ကာကွယ်ခဲ့သနည်း။

ကောရိန္သုအသင်းတော်သားများက သူ့ကို လက်ခံရန်အတွက် ရှင်ပေါလုသည် ချီးကျူးရန် လိုအပ်ပုံရသည်။ သို့သော် သူ့ကိုယ်သူ ချီးကျူးရမည့်သူမှာ သူ မဟုတ်ပါ (သု ၂၇:၂)။ ရှင်ပေါလုသည် ဘုရားသခင်၏ ချီးမွမ်းခြင်းသာ ခွင့်ပြုခဲ့သည် (၂ ကော ၁၀:၁၈)။


ကျွန်ုပ်တို့ ကြွားဝါနိုင်သောအရာ (သို့) ကိုယ့်ကိုယ်ကိုယ် ချီးမွမ်းနိုင်သောအရာ တစ်စုံတစ်ရာရှိလျှင် ၎င်းသည် ဘုရားသခင်ကို သိကျွမ်းခြင်းနှင့် ကိုယ်တော်အား နာခံခြင်းသာဖြစ်ခဲ့သည် (ယေရမိ ၉:၂၄; ၂ကော ၁၀:၁၇)။









# မှားယွင်းသောမိစ္ဆာဆရာ
# များနှင့်ရင်ဆိုင်ခြင်း

# တမန်တော်ဟန်ဆောင်၍ လှည့်ဖြားသူများ

“အကြောင်းမူကား၊ ထိုသူတို့သည် မိစ္ဆာတမန်တော်ဖြစ်ကြ၏။ ခရစ်တော်၏တမန် ဖြစ်ယောင်ဆောင်၍ လှည့်ဖြားတတ်သော အမှုစောင့်ဖြစ်ကြ၏” (၂ ကောရိန္သု ၁၁း၁၃)



ပေါလုသည် ခရစ်တော်ထံသို့ စင်ကြယ်သောအသင်းတော် ကို ဆက်သလိုသည် (၂ကော ၁၁:၂)။ သို့သော် အသင်း တော်သည် ဧဝကဲ့သို့ လှည့်ဖြားခံရပြီး ယေရှု၏သတို့သမီး အဖြစ်မှ ရပ်စဲခံရမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည် (၂ ကော ၁၁:၃)။



တကယ့်အန္တရာယ်ကဘာလဲ။ ယေရှု၏ တမန်တော်ကြီးအ ဖြစ် ကိုယ့်ကိုယ်ကိုယ် ချီးမွမ်းကြသော ဂျူးများသည် ကော ရိန္သုမြို့သို့လောက်လာ၍ အခြားယေရှု၊ ခြားနားသော ဝိညာဉ်တော်နှင့် ခြားနားသောဧဝံဂေလိတရားတို့ကို သွန် သင်ပေးခဲ့ကြသည်။ (၂ ကော. ၁၁:၄-၅; ဂလ. ၁:၈)။




တစ်စုံတစ်ယောက်က ယေရှုအကြောင်း ဟောပြောတိုင်း စစ်မှန်သော ယေရှုကို ကျွန်ုပ်တို့အားပြသသည်ဟု မဆိုလိုပါ။  သူတို့၏ဟောပြော သောတရား အံ့သြဖွယ်ကောင်းနိုင်သော်လည်း စာတန်ကိုယ်တိုင်က အံ့ဖွယ်အမှုများကို ပြောဆိုပြီး “အလင်း၏ကောင်းကင်တမန်” အဖြစ် မိမိကိုယ်ကို မည်သို့တင်ပြရမည်ကိုလည်း သိသည် (၂ ကော ၁၁:၁၄)။



စစ်မှန်သောဆရာများသည် လုပ်ရပ်များနှင့် စကားအားဖြင့် “ခရစ်တော်၏အသမ္မာတရား” ကို သွန်သင်ကြသည် (၂ကော ၁၁:၉-၁၀)။ သို့သော်မိစ္ဆာဆရာများသည် တမန်တော်များအဖြစ် ဟန်ဆောင်လှည့်ဖြားကြသည် (၂ကော ၁၁:၁၃-၁၅)။

# ရှင်ပေါလုနှင့်မိစ္ဆာဆရာများ

"သူတို့သည် ဟေဗြဲလူဖြစ်ကြသလော။ ငါသည်လည်း ဖြစ်၏။ သူတို့သည် ဣသရေလလူ ဖြစ်ကြသလော။ ငါသည်လည်း ဖြစ်၏။ သူတို့သည် အာဗြဟံအမျိုးဖြစ်ကြသလော။ ငါသည်လည်း ဖြစ်၏" (၂ ကောရိန္သု ၁၁:၂၂)



ပေါလုနှင့် မိစ္ဆာဆရာများအကြား မည်သည့်တူညီချက်များ ရှိခဲ့သနည်း။ ပေါလုနှင့် မိစ္ဆာဆရာ များသည် ဂျူးလူမျိုးများဖြစ်ကြပြီး ခရစ်ယာန်ယုံကြည်ခြင်းသို့ ပြောင်းလဲလာသူများ ဖြစ်ကြသည် (၂ ကော ၁၁:၂၂)။

သူတို့နှင့် ပေါလုအကြား မည်သို့ကွာခြားခဲ့သနည်း။ ဤနေရာတွင် ပေါလု၏ "ရူးသွပ်မှု" စတင်လာသည်။"သူတို့သည် ခရစ်တော်၏ အစေခံများလော။ (ဤသို့ပြောရခြင်းမှာ ကျွန်ုပ်ရူးသွပ်နေသကဲ့သို့ ဖြစ်၏။) ကျွန်ုပ်က ပို၍ဖြစ်သည်" (၂ ကော ၁၁:၂၃ ဟု ပေါလုဆိုသည်။ထိုအခြားဆရာများက ခရစ်တော်အတွက် မိမိတို့ခံစား ခဲ့ရသော ဆင်းရဲဒုက္ခများကို ကြွားဝါကြလျှင်၊ ပေါလုသည် ထိုထက်ပင် ပိုမိုခံစားခဲ့ရသူဖြစ်သည်။ သူသည် ရိုက်နှက်ခံခဲ့ရခြင်း ထောင်ချခံခဲ့ရခြင်း၊ သေမည့်အန္တရာယ်နှင့် ခြိမ်းခြောက်ခံခဲ့ရခြင်း၊ ကျောက်ခဲနှင့် ပစ်ခံ ခဲ့ရခြင်း၊ ပင်လယ်တွင် သင်္ဘောပျက်ခြင်း၊ အန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရခြင်း၊ ဆာလောင်ခြင်း၊ ရေငတ် ခြင်း၊ အအေးဒဏ်ခံရခြင်းနှင့် အဝတ်အချည်းစည်းဖြစ်ခြင်းတို့ကို ကြုံတွေ့ခဲ့ရသည်။ ထို့အပြင် အသင်း တော်များ၏ အခြေအနေအတွက်လည်း အစဉ်မပြတ် စိုးရိမ်ပူပန်နေခဲ့ရသည် (၂ ကော ၁၁:၂၃ခ–၂၉)။ ထို့ ကြောင့် ပေါလု၏ အစေခံခြင်းသည် မိမိကိုယ်ကို ချီးမြှောက်ရန်အတွက်မဟုတ်ဘဲ ခရစ်တော်နှင့် အသင်း တော်အတွက် ကိုယ်ကျိုးစွန့်၍ ခံစားဆောင်ရွက်ခြင်း ဖြစ်သည်။

ဤနေရာတွင် ပေါလု၏ "ရူးသွပ်မှု" အဆုံးသတ်ပါသည်။ ခရစ်တော်အတွက် မိမိလုပ်ဆောင်ခဲ့သမျှကို ကြွားဝါလိုသော သူတစ် ဦးအဖြစ် မိမိကိုယ်ကို အထင်အမြင်မဖြစ်စေလိုပါ။ သူ၏ အမှန်တကယ်ကြွားဝါခြင်း (သို့မဟုတ် ဂုဏ်ယူဝမ်းမြောက်ခြင်း) သည် မိမိသည် ခရစ်တော်အတွက် ဘာလုပ်ပေးခဲ့သည်ဆိုခြင်းမ ဟုတ် ဘဲ၊ ခရစ်တော်က မိမိအတွက် ဘာလုပ်ပေးခဲ့သည်ဆိုခြင်းပင် ဖြစ်သည်။




သူ၏ စစ်မှန်သော ခွန်အားသည် မိမိ၏အားနည်းခြင်း၌ တည်ရှိသည်။ ထိုအားနည်းခြင်းက ယေရှုခရစ်တော်အပေါ် လုံးဝမှီခိုအားထားရန် သူ့ကို ဦးဆောင်ပေးခဲ့သည် (၂ ကော ၁၁:၃၀-၃၁; ၁၂:၆-၁၀)။

# မိမိကိုယ်ကိုဆန်းစစ်ခြင်းနှင့်အောင်မြင်ခြင်း

“သင်တို့သည် ယုံကြည်ခြင်း၌ တည်သလော၊ မတည်လောဟု ကိုယ်ကိုကိုယ် စစ်ကြောကြလော့။ ကိုယ်ကိုကိုယ် စုံစမ်းကြလော့။ အစစ်မခံနိုင် သော သူမမှန်လျှင်၊ ယေရှုခရစ်သည် သင်တို့၌ တည်တော်မူသည်ဟု ကိုယ်အကြောင်းကို ကိုယ်မသိကြသလော”
(၂ ကောရိန္သု ၁၃း၅)

ပေါလုသည် ကောရိန္သုမြို့သို့ သွားရောက်လည်ပတ်မည့်အချိန် နီးကပ်လာနေပြီဖြစ်သည်။ ထိုအချိန်တွင် သူသည် အဘယ်အရာများကို တွေ့ရှိရမည်နည်း၊ တွေ့ရှိသည့်အခြေအနေအပေါ် မူတည်၍ မည်သို့ပြုမူဆောင်ရွက်သင့်သနည်း။ (၂ ကောရိန္သု ၁၃:၁–၂)



ပေါလုသည် အသင်းတော်ကို စည်းကမ်းအတိုင်း အရေးယူမှုကို ပြင်းပြင်းထန်ထန် ဆောင်ရွက်ရန် အသင့်ရှိခဲ့သည်။ နောင်တရသူများကို ပြန်လည်ထူထောင်ပေးရန်နှင့် ခေါင်းမာနေသူများကို အပြစ်ပေးရန် ဖြစ်သည်။

သူ၏စိုးရိမ်မှုမှာ သူတို့ထံသို့ ရောက်ရှိလာသောအခါ အချင်းချင်း ပဋိပက္ခဖြစ်နေကြခြင်းနှင့် အပြစ်အမျိုးမျိုးကို ကျူးလွန်နေကြခြင်းတို့ဖြစ်သည်။ ထို့အပြင် နောင်တမရသော အပြစ်သားများအတွက် မိမိငိုကြွေးရမည်ကိုလည်း သူစိုးရိမ်ခဲ့သည် (၂ ကော ၁၂:၂၀-၂၁)။

ထို့ကြောင့် ထိုအချိန်မရောက်မီ ကောရိန္သုအသင်းသားများသည် မိမိတို့၏အသက်တာကို ပြန်လည်စဉ်းစားပြီး မိမိတို့ကိုယ်ကို စစ်ဆေးသုံးသပ်သင့်ကြသည် (၂ ကော ၁၃:၅)။





ပေါလုဘက်မှမူ သူတို့သည် မကောင်းမှုများကို မပြုတော့ဘဲ ကောင်းမှုများကို ပြုလုပ်ကြ ရန်နှင့် ဝိညာဉ်ရေးရာ၌ ပြည့်စုံရင့်ကျက်လာကြရန် ဆုတောင်းပေးခဲ့သည် (၂ ကော ၁၃:၇–၉)။

“ဘုရားသခင်၏လူတို့သည် မိစ္ဆာဆရာများ၏
ဩဇာလွှမ်းမိုးမှုနှင့်မှောင် မိုက် ဝိညာဉ်များ၏ လှည့်ဖြားခြင်းမှ
ကာကွယ်ရန် သမ္မာကျမ်းစာကို မိမိတို့၏ အကာအကွယ်ဖြစ်သည်ဟု
ဘုရားသခင်က ပြောပြနေသည်။ လူတို့သည် သမ္မာကျမ်းစာကို
သိရှိနားလည်ခြင်းမရရှိစေရန် စာတန် သည် ဖြစ်နိုင်သမျှ
နည်းလမ်းတိုင်းကို အသုံးပြုသည်။ အကြောင်းမှာ သမ္မာကျမ်းစာ၏
ရှင်းလင်းသောဖော်ပြချက်များက သူ၏လှည့်ဖြားမှု များကို
ဖော်ထုတ်ပြသသောကြောင့် ဖြစ်သည်။ ဘုရားသခင်၏အမှု တော်
ပြန်လည်နိုးကြားလာတိုင်း မကောင်းမှု၏မင်းသားသည် ပိုမို
ပြင်းထန်စွာ လှုပ်ရှားဆောင်ရွက်လာသည်။ ယခုအချိန်တွင်လည်း
ခရစ်တော်နှင့် ကိုယ်တော်၏နောက်လိုက်များကို ဆန့်ကျင်သည့်
နောက်ဆုံးတိုက်ပွဲအတွက် စာတန်သည်အစွမ်းကုန် ကြိုးပမ်းနေသည်။

EGW (The Great Controversy, p. 593)